ひと、くらし、みらいのために
厚生労働省
Ministry of Health, Labour and Welfare

# ကိုရိုနာဗိုင်းရပ်စ်(COVID-19)နှင့်သက်ဆိုင်သော အချက်အလက်များ

## ~ ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက်~



## ကိုယ်ဝန်ဆောင်ချိန်တွင်ကူးစက်ခံရလျှင်

ကိုယ်ဝန်ဆောင်ချိန်နောက်ဆုံးသုံးလပတ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပါက ပုံမှန်လူများနှင့်တူညီသောရောဂါလက္ခဏာနှင့် ပြင်းထန်မှု တွေ့ ရှိရကြောင်းလက်ရှိအခြေအနေတွင်သိရှိရပါသည်။ ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားထံ ကူးစက်နိုင်ကြောင်းကို ပြည်ပနိုင်ငံများမှသတင်းရရှိပါသည်။သို့ သော် ကလေးတွင်မွေးရာပါချို့ ယွင်းချက်ဖြစ်ခြင်း၊ ကလေးအသေမွေးခြင်း နှင့် ကိုယ်ဝန်ပျက်ကျခြင်းများ မတွေ့ ရပါ။ သို့ပါသဖြင့်ကိုယ်ဝန်ဆောင်များ လိုအပ်တာထက်ပို၍စိုးရိမ်ပူပန်ရန်မလိုအပ်ပါ။

### ရောဂါကာကွယ်ရန် နေ့ စဉ်လုပ်ဆောင်ရမည့်အရာများ

ကူးစက်ခံရပါက ကိုယ်ဝန်ဆောင်များတွင် ပြင်းထန်အဆုတ်ရောင်ခြင်း ဖြစ်နိုင်ခြေရှိပါသည်။ထို့ ကြောင့် လူထူထပ်သောနေရာများကိုရှောင် ပါ။လက်ကိုမကြာခဏဆေးပါ။အထူးသဖြင့် အောက်ပါနေရာများကိုသွားလာခြင်းမှရှောင်ကြဉ်ပါ။
၁)လေဝင်လေထွက်မရှိသောနေရာ
၂)လူထူထပ်သောနေရာ
၃)လူအများနှင့်ထိတွေ့ ဆက်ဆံရမည့်နေရာ

### အလုပ်နှင့်စပ်လျဉ်း၍

အလုပ်လုပ်လျက်ရှိသော ကိုယ်ဝန်ဆောင်များအနေဖြင့် မိမိ၏ကျန်းမာရေးအခြေအနေပေါ်မူတ မူတည်ကာ အောက်ပါအချက်များကို အလုပ်ရှင်နှင့်တိုင်ပင်ဆွေးနွေးပါ။ အချိန်အပိုင်းအခြားနှင့်အလုပ်လုပ်ခြင်း၊ အိမ်မှတဆင့် အလုပ်လုပ်ခြင်း၊ ယာယီခွင့်ယူခြင်း ။

**ကျန်းမာရေး၊အလုပ်သမားနှင့်လူမှု ဖူလုံရေး ဝန်ကြီးဌာနသည် ကိုယ်ဝန်ဆောင်မိခင်များဘေးကင်းစိတ်ချရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။**

ဤစာမျက်နှာ၏နောက်ဖတ်တွင် ကိုယ်ဝန်ဆောင်များအတွက်သက်မှတ်ထားသော ကြိုတင်ကာကွယ်ရန်အချက်များ၊ ကလေးမီးမဖွားမီပုံမှန်စမ်းသပ်စစ်ဆေးခြင်း နှင့် အဖျားရှိပါကလိုက်နာရန်များကိုဖော်ပြထားပါသည်။ အခြားသော အသေးစိတ်သတင်းအချက်အလက်များကို အောက်ဖော်ပြပါ ဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာနှင့် သက်ဆိုင်ရာပညာရေးအဖွဲ့ အစည်းများ၏အင်တာနက်စာမျက်နှာတွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။
**ကျန်းမာရေး၊အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန**
(ကိုရိုနာဗိုင်းရပ်စ်အမေးအဖြေ)
https://www.mhlw.go.jp/stf/seisakunitsuite/bunya/kenkou_iryou/dengue_fever_qa_00014.html
**ဂျပန်နိုင်ငံသားဖွားမီးယပ်ဆိုင်ရာကူးစက်ရောဂါဆေးပညာအဖွဲ့**
(ကိုယ်ဝန်ဆောင်နှင့်စပ်လျဉ်းသော ကိုရိုနာဗိုင်းရပ်စ်သတင်းအချက်အလက်များ)
http://jsidog.kenkyuukai.jp/information/index.asp? (ဂျပန်ဘာသာဖြင့်သာ)
※

မှတ်ချက် - ဖော်ပြပါအချက်များသည် ဧပရယ်လ် ၁ ရက်နေ့ တွင်ရရှိသော သတင်းအချက်အလက်ပေါ်တွင်မူတည်ပါသည်။ ပြောင်းလဲမှုရှိပါက ထပ်မံပြင်ဆင်ပါမည်။

☞ နောက်သို့

## ❖ သက်မှတ်ထားသောလိုက်နာရန်အချက်များ

- လက်ကိုဆပ်ပြာနှင့် သေချာစွာမကြာခဏဆေးကြောပါ။
- အောက်ဖော်ပြပါ နေရာများကို သွားလာခြင်းမှ ရှောင်ကြဉ်ပါ။
  ၁) လေဝင်လေထွက် မကောင်းသော အလုံပိတ်နေရာ
  ၂) လူထူထပ်သောနေရာ
  ၃) လူအများနှင့် ထိတွေ့ ဆက်ဆံ စကားပြောဆိုရမည့်နေရာ
- အကယ်၍အိမ်တွင်အတူနေသူထံတွင်ကူးစက်ခံရသောလက္ခဏာများရှိပါက အခန်းခွဲ၍နေခြင်း၊ မျက်နှာသုတ်ပဝါအစရှိသော အသုံးအဆောင်များခွဲသုံးခြင်းဖြင့်တိုက်ရိုက်ထိတွေ့ မှုကိုရှောင်ကြဉ်ပါ။

## ❖ ဖျားနာလျှင်၊ အခြားရောဂါလက္ခဏာများရှိလျှင်

- ကိုယ်ဝန်ဆောင်အမျိုးသမီးများအအေးပတ်သော(အဖျား၊ ချောင်းဆိုး)လက္ခဏာရှိလျှင်ကိုရိုနာဗိုင်းရပ်စ်ကူးစက်သံသယရှိသူများအတွက်ဖွင့်လှစ်ထားသော တိုင်ပင်ဆွေးနွေးရန် စင်တာများဆီ အမြန်ဆုံး ဖုန်းဖြင့်ဆက်သွယ်ပါ။ ခရိုင်ကျန်းမာရေးအစည်းအရုံးသို့ တချို့ သောခရိုင်များရှိ ဒေသခံဆေးခန်းများ တွင် ဓာတ်ခွဲစစ်ဆေးခြင်း (PCR testing) ပြုလုပ်နိုင်ပါသည်။(မေလ ၈ရက် နေ့ တွင်ပြင်ဆင်သည်။)

### <မီးမဖွားမီ ကိုယ်ဝန်ရက်ချိန်းနှင့်စပ်လျဥ်း၍>

- **အကယ်၍ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည်ဟု သံသယရှိသူနှင့် ထိတွေ့ မိလျှင်၊ မိမိနေအိမ်တွင် ကူးစက်ခံရသည်ဟု သံသယရှိသူရှိလျှင်၊ ကိုယ်ဝန်ရက်ချိန်းသို့ မသွားခင် မိမိ၏ဆရာဝန်နှင့် အရင်တိုင်ပင်ပါ။**

- **အကယ်၍ မိမိပါ ကူးစက်ခံရသည်ဟု သံသယ ရှိပါက ကိုယ်ဝန်ရက်ချိန်းသို့ မသွားပါနှင့်။** အရင်ဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်သံသယရှိသူများအတွက်ဖွင့်လှစ်ထားသော တိုင်ပင်ဆွေးနွေးရန် စင်တာများဆီ ဆက်သွယ်ပါ။ လိုအပ်ပါက မိမိ၏ဆရာဝန်နှင့် တိုင်ပင်ပါ။

### < မီးဖွားခြင်းနှင့် စပ်လျဥ်း၍>

- ခရိုင်တိုင်းတွင် ကူးစက်ခံရသော မိခင်လောင်းများအတွက် ဘေးကင်းလုံခြုံသော မီးဖွားမှု ပြုလုပ်နိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိပါသည်။ထို့ ကြောင့် အကယ်၍ကူးစက်ခံရပါက မိမိ၏ဆရာဝန်ထံဆက်သွယ်ပါ။

❖ **ကိုရိုနာဗိုင်းရပ်စ်နှင့်ဆိုင်သော အခြားသော သတင်းအချက်အလက်များကို ဘာသာစကားပေါင်းစုံ ဖုန်းခေါ်ပံ့ပိုးပေးသော ဝန်ဆောင်မှု နှင့်ပတ်သက်၍ဖော်ပြပါ SHARE အဖွဲ့ အစည်းအင်တာနက်စာမျက်နှာတွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**
❖ https://share.or.jp/english/news/covid-19_information_for_foreigners_b#multi

## ❖ အလုပ်လုပ်နေသူများနှင့် စပ်လျဥ်း၍

- မိမိ၏ကျန်းမာရေးအခြေအနေပေါ်မူတည်၍အောက်ပါအချက်များနှင့်ပတ်သက်ပြီးလုပ်ငန်းခွင်တွင်ဆွေးနွေးပါ။
  - ရုံးတက်ရုံးဆင်းချိန်ညှိနိုင်းခြင်းအိမ်မှနေ၍အလုပ်လုပ်ခြင်း၊မီးဖွားခွင့်နှင့်ပတ်သက်သောလစာ ထည့်သွင်းစဥ်းစားခြင်း။

❖ ကျန်းမာရေး၊အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ အလုပ်သမားအဖွဲ့ အစည်းများထံပူးပေါင်းဆောင်ရွက်ရန်တောင်းဆိုချက် ကျန်းမာရေး၊အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ ကိုရိုနာဗိုင်းရပ်စ်နှင့်သက်ဆိုင်သောတောင်းဆိုချက်များ( ကိုယ်ဝန်ဆောင်များ၏အခွင့်အရေးများကို လေးစားရန်၊ ကိုယ်ဝန်ဆောင်များခွင့်ယူနိုင်ရေးစီစဉ်ပေးရန်) ကိုအလုပ်သမားအဖွဲ့ အစည်းများထံပေးပို့ ထားပါသည်။

❖ အလုပ်လုပ်နေသူများနှင့်ဆိုင်သောအခြားအမေးအဖြေများကိုအောက်ပါအင်တာနက်စာမျက်နှာတွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ◦
❖ https://www.mhlw.go.jp/stf/seisakunitsuite/bunya/kenkou_iryou/dengue_fever_qa_00018.html (အင်္ဂလိပ်၊ တရုတ်နှင့် ကိုရီးယားဘာသာများ အလိုအလျောက် ဘာသာပြန်စနစ်ဖြင့်ဖတ်ရှုနိုင်သည်။)

- အလုပ်သမားဆိုင်ရာဥပဒေအရ လစာပေးခွင့် နှင့် နှစ်စဥ်ခွင့်
- ကူးစက်ခြင်းမှကာကွယ်နိုင်ရန်အဆင်ပြေသောလုပ်ငန်းခွင်အနေအထား(ရုံးတက်ရုံးဆင်းချိန်ညှိနိုင်းခြင်း၊ အိမ်မှတဆင့်အလုပ်လုပ်ခြင်း)
- နေ့ ကလေးထိန်းစင်တာနှင့် ကျောင်းများအရေးပေါ်ပိတ်လျှင် ထပ်မံ၍လစာပေးခွင့်ပေးရန်။

Translated by joint project of Department of Community and Global Health, Graduate School of Medicine, The University of Tokyo, and Services for the Health in Asian & African Regions (SHARE).

၁.၄.၂၀၂၀ တွင်ပြင်ဆင်သည်။